# ၉။ ကံနဲ့ အကျိုးပေးခွင့်

တခါတလေတော့လဲ ကံတရားကနားလည်ရ အခက်သား၊ ကောင်းကံတွေ ပြုနေပေမယ့် အဆင်မပြေမှု တွေနဲ့ချည်းပဲ တွေ့နေရတတ်ပါတယ်၊ မကောင်းကံတွေနဲ့ ယှဉ်နေပေမယ့်လဲ ဘာပဲလုပ်လုပ် အဆင်ပြေနေတတ်ပါ တယ်၊ ဒီအဖြစ်မျိုးတွေက ဝန်းကျင်တိုင်းမှာ တွေ့နေရတာ ဖြစ်လေတော့ အမြင်အားဖြင့် သိပ်ပြီးဆန်းလှတယ်လို့တော့ မဆိုနိုင်ပါဘူး၊ ဒါပေမယ့် ဆန်းတာက ကံရဲ့သဘော တရားပါ။

ဥပမာပဲ ထားပါတော့၊ ကိုယ့်ဝန်းကျင်မှာ ရှိနေတဲ့ လူတစ်ယောက်၊ မကောင်းကံမှန်သမျှ အကုန်လုပ်နေတယ်၊ ဒါကို သူ့ဝန်းကျင်ကလည်း သိနေကြတယ်၊ ဒါပေမယ့် အဲဒီလူမှာ ချမ်းသာလိုက်တာ မပြောပါနဲ့တော့၊ လုပ်ငန်း ကိုင်ငန်းတွေ ကြည့်ဦးမလား၊ အားလုံးချောမွေ့လို့၊ ဘာဆို ဘာမှ အခက်အခဲမရှိ။

ဒါမျိုးတွေ မြင်ရတော့ ကိုယ်ပြုနေကျကောင်းကံလေး အပေါ်မှာတောင် သံသယဝင်ချင်စရာ၊ ကံအပေါ် နားလည်ရ ခပ်ခက်ခက်။

ဟိုး. . . စောစောပိုင်း ကာလတွေကတော့ မိမိလဲ ဒီအတိုင်းပါပဲ။ နောက်ပိုင်း စာတွေဖတ်ရင်း သမ္ပတ္တိလေးပါးနဲ့ ဝိပတ္တိလေးပါးအကြောင်း ဖတ်မိတော့မှပဲ ထိုက်သင့်သလောက် နားလည်ခဲ့ရပါတယ်၊ နားလည်သလောက် ပြန်ရေးပြပရစေဦး။

ကံဆိုတာ ကုသိုလ်ကံနဲ့ အကုသိုလ်ကံဆိုတာ ရှိပါတယ်၊ ကောင်းကံနဲ့ မကောင်းကံပေါ့၊ အဲဒီ ကံနှစ်ခုဟာ ပြုတိုင်းတော့ ပုံသေ အကျိုးမပေးပါဘူး။ သမ္ပတ္တိလေးပါးနဲ့ ကြုံနေရင် မိမိပြုထားတဲ့ အကုသိုလ်ကံဟာ အကျိုးမပေးနိုင်သလို ဝိပတ္တိလေးပါးနဲ့ ကြုံနေရင်လဲ မိမိပြုထားတဲ့ ကုသိုလ်ကံက အကျိုးမပေးနိုင်သေးပါဘူး။

သမ္ပတ္တိရဲ့ အနက်က ပြည့်စုံခြင်း၊ ဝိပတ္တိရဲ့ အနက်က ချွတ်ယွင်းခြင်းပါ။

သမ္ပတ္တိ-လေးပါးဆိုတာက-

၁။ ဂတိသမ္ပတ္တိ

၂။ ဉပဓိသမ္ပတ္တိ

၃။ ကာလသမ္ပတ္တိ

၄။ ပယောဂသမ္ပတ

အဲဒီအထဲမှာ ဂတိသမ္ပတ္တိဆိုတာ လူ့ပြည်,

နတ်ပြည်, ဗြဟ္မာပြည်ကိုပြောတာပါ။ ဘဝကောင်းကိုရရှိခြင်းပေါ့။ ဂတိသမ္ပတ္တိမှာဖြစ်နေရင် အကုသိုလ်ကံက အကျိုးပေးခွင့်မသာတော့ဘူး၊ ကုသိုလ်ကံရဲ့ အလှည့်ရောက်နေပါတယ်။

ဥပဓိသမ္ပတ္တိဆိုတာက ရုပ်အဆင်းလှပခြင်းကိုပြောတာပါ။ လောကမှာ ဥပဓိသမ္ပတ္တိကလဲ အရေးကြီးပြန်ပါတယ်၊ အဲဒီ ဥပဓိသမ္ပတ္တိကိုရနေရင် အကုသိုလ်ကံက အကျိုးပေးခွင့်မသာတော့ဘူး၊ သီဟိုဠ်ကျွန်းမှာ ဘာတိကမင်းဆိုတာရှိပါတယ်၊ အဲဒီမင်းက တိုင်းသူပြည်သားတွေကို နွားသားမစားရဘူးလို့ အမိန့်ထုတ်ထားပါတယ်၊ နွားသားစားခဲ့ရင် ဖမ်းပြီးဒဏ်ငွေတပ်တယ်၊ ဒဏ်ငွေမဆောင်နိုင်ရင် နန်းတော်ထဲကိုခေါ်ပြီး အမှိုက်ကျုံးတာတို့၊ မြေတူးတာတို့ကိုလုပ်ရတယ်၊ တစ်နေ့ မိသားစုတစ်စုက တားမြစ်ထားတဲ့ကြားက နွားသားခိုးစားကြတယ်၊ ဒီလိုနဲ့ဘုရင့်ရဲမက်တွေက မိရောဆိုပါတော့၊ ဒီတော့ ထုံးစံအတိုင်း ဒဏ်ငွေဆောင်ပေါ့၊ ဒါပေမယ့် အဲဒီမိသားစုက ဆင်းရဲတော့ ဒဏ်ငွေမဆောင်နိုင်ဘူးတဲ့၊ ဒဏ်ငွေမဆောင်နိုင်တော့ နန်းတော်ခေါ်ခဲ့ကြတာပေါ့၊ နန်းတော်မှာက သူတို့မိသားစုတင် မကဘူးတဲ့၊ သူတို့လိုပဲ နွားသားခိုးစားကြတဲ့ တခြားမိသားစုတွေလဲပါတယ်၊ အဲဒီနွားသားခိုးစားတဲ့ သူတွေကို ဒဏ်ပေးတဲ့အနေနဲ့ အမှိုက်သိမ်း၊ မြေတူး၊ မြက်နှုတ်ပေါ့၊ ဒါကို ဘာတိကမင်းက လေသာပြူတင်းက ကြည့်နေပါတယ်၊

စောစောကပြောခဲ့တဲ့ မိသားစုထဲမှာ တော်တော်ရုပ်အဆင်း လှတဲ့ ကောင်မလေးပါတယ်၊ နေပူကြဲကြဲမှာ ချွေးသံတရွှဲရွှဲ နဲ့ ဒဏ်ထမ်းနေတဲ့ အဲဒီရုပ်လှလှကောင်မလေးကိုမြင်တော့ ဘုရင်က 'ဒီရုပ်ရည်နဲ့ ကြမ်းတမ်းတဲ့ အလုပ်တွေနဲ့ မတန် ဘူး'ဆိုပြီး မင်းချင်းတစ်ယောက်ကို ခေါ်ခိုင်းလိုက်တယ်၊ "သာမာဒေဝီ"ဆိုတဲ့ ဘွဲ့ပေးပြီး ဘုရင်က သူ့အနားမှာ ခစားဖို့ ထားလိုက်တယ်၊ သူရဲ့မိသားစုကိုလဲ ဒဏ်ထမ်းနေရာကနေ လွတ်ငြိမ်းချမ်းသာခွင့်ပေးတဲ့အပြင် အသက်မွေးနိုင်လောက် အောင် ငွေကြေးတွေနဲ့ မ,စလိုက်တယ်တဲ့၊ ဒါ ဥပဓိသမ္ပတ္တိ က အကျိုးပေးလိုက်တာပါပဲ၊ လူတစ်ယောက်ရဲ့ ဥပဓိ သမ္ပတ္တိဟာ သူနဲ့နွယ်တဲ့ မိသားစုကိုလဲ အကျိုးပေးသွား တယ်၊ အဲဒီလို ဥပဓိသမ္ပတ္တိနဲ့ ပြည့်စုံနေရင်လဲ အကုသိုလ် ကံက အကျိုးပေးခွင့် မသာပြန်ပါဘူး။

ကာလသမ္ပတ္တိ ဆိုတာက မြတ်စွာဘုရားပွင့်ရာ၊ အခါ၊ စကြာဝတေးမင်း ပေါ်ရာအခါ၊ မင်းကောင်း မင်းမြတ် တွေပေါ်ရာအခါကိုပြောတာပါ၊ မြတ်စွာဘုရားပွင့်နေရင် နိဗ္ဗာန်ရောက်ကြောင်းတရားတွေ နာကြားခွင့်ရနေမယ်၊ စကြာဝတေးမင်းပေါ်နေတဲ့ကာလဆိုရင်လဲ သူ့ဘုန်းကံ အလျောက် တိုင်းပြည်ချမ်းသာကြွယ်ဝနေမယ်၊ မင်းကောင်း၊ မင်းမြတ်တွေ အုပ်စိုးနေတဲ့ ကာလဆိုရင်လဲ တိုင်းသူ ပြည်သားတွေ စားဝတ်နေရေး စီးပွားရေးတွေ ပြေလည်နေ မယ်၊ ကျန်းမာရေးတွေ ကောင်းနေမယ်၊ ပညာတွေစိတ်

ကြိုက်သင်ခွင့်ရနေမယ်ပေ့ါ။ အဲဒီ ကာလသမ္ပတ္တိနဲ့ ပြည့်စုံနေရင်လဲ အကုသိုလ်ကံက အကျိုးပေးခွင့် မသာပြန်ဘူး။

ပယောဂသမ္ပတ္တိဆိုတာက-သတိ၊ ဝီရိယ၊ ဉာဏ်တွေနဲ့ ပြည့်စုံနေတာကို ပြောတာပါ။ လောကမှာ နေသမျှကာလပတ်လုံး အမြဲတမ်း သတိရှိနေမယ်၊ သွက်သွက်လက်လက် နိုးနိုးကြားကြားနဲ့ လုံ့လဝီရိယရှိနေမယ်၊ အရာရာကို နားလည်သဘောပေါက်ပြီး ထက်မြက်တဲ့ ဉာဏ်ပညာရှိနေမယ်၊ သတိဝီရိယဉာဏ်တွေယှဉ်ပြီး အားကြီးတဲ့ ကုသိုလ်တွေပြုနေမယ်၊ အဲဒီလိုဆိုပြန်ရင်လဲ အကုသိုလ်ကံက အကျိုးပေးခွင့် မသာပြန်ဘူး၊ လောကမှာ ကြီးပွားချမ်းသာနေတဲ့ သူတွေကို ကြည့်လိုက်ရင် ပယောဂသမ္ပတ္တိဆိုတဲ့ သတိ၊ ဝီရိယ၊ ဉာဏ် ပညာနဲ့ ပြည့်စုံနေတဲ့ သူတွေဖြစ်နေမယ်ဆိုတာ တွေ့ရပါလိမ့် မယ်၊ ဒီနေရာမှာ သတိထားရမှာက အတိတ်ကံရဲ့ သတ္တိက တစ်မတ်သားလောက်ပဲပါတယ်၊ ယခုပစ္စုပ္ပန်ဘဝ၊ သတိ၊ ဝီရိယ၊ ဉာဏ်ဆိုတဲ့ ပယောဂသမ္ပတ္တိက သုံးမတ်သားလောက် ပါရှိတယ်ဆိုတာ ကောင်းကောင်း သတိထားရမယ့် အကြောင်း မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသက အထူး သတိပေးထားပါတယ်၊ ဆိုလိုတာက ဒီပစ္စုပ္ပန်ဘဝမှာ ပယောဂသမ္ပတ္တိနဲ့ ကုသိုလ်ကံအကျိုးတွေကို ခံစားနိုင်ခွင့် ရှိသလို အကုသိုလ်ကံတွေကိုလဲ တားဆီးထားနိုင်တယ်၊ ဥပမာ-အဇာတသတ်မင်းကိုကြည့်၊ အဖကိုသတ်ထားတဲ့ ပါဏာတိပါတကံကြီးက

အဝီစိငရဲကို ကျိန်းသေမုချကျရမယ်၊ ဒါပေမယ့် သတိတွေ ဉာဏ်တွေဝင်လာပြီး မြတ်စွာဘုရားကိုသွားပြီး ဆည်းကပ် လိုက်တော့ ဘုရားရှင်ကို ဆည်းကပ်လိုက်တဲ့ ပယောဂ သမ္ပတ္တိကြောင့် အဝီစိငရဲမကျတော့ဘဲ အဝီစိငရဲထက်ငယ်တဲ့ လောဟကုမ္ဘီငရဲမှာပဲ ကျရတော့တယ်၊ နောက်အကျိုးတစ်ခု က အဲဒီငရဲက လွတ်လာ ရင် 'ဝိဇိတာဝီ'ဆိုတဲ့ ပစ္စေကဗုဒ္ဓါ ဖြစ်ပြီး ပရိနိဗ္ဗာန်စံဝင်ရမယ်တဲ့၊ ဒါ ပယောဂသမ္ပတ္တိရဲ့ အစွမ်းသတ္တိတွေပါပဲ၊

နောက်ဝိပတ္တိလေးပါးထဲမှာ ဂတိဝိပတ္တိဆိုတာ-ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံ ကို ပြောတာ၊ မကောင်းတဲ့ဘဝကို ရရှိတယ်ပေါ့၊ အဲဒီလို အပါယ်လေးဘုံဆိုတဲ့ ဂတိဝိပတ္တိနဲ့ ကြုံနေရင်လဲ ရှေးရှေး ဘဝက ကုသိုလ်ကံတွေ ရှိနေပေမယ့် ကုသိုလ်ကံက အကျိုး ပေးခွင့် မသာတော့ဘူး။

ဥပဓိဝိပတ္တိ ဆိုတာက ရုပ်အဆင်းမလှတာပါ၊ ဒီပရာဆိုတဲ့ ဝတ္ထုမှာ မင်းကြီးက ဒီပရာဇာဆိုတဲ့ မင်းသား ကို ဖွားမြင်တော့ မင်းကြီးကသားကို ချစ်တာရော၊ မိဖုရား ကို ချစ်တာရော ပေါင်းပြီး မိဖုရားကို လိုရာဆိုကိုတောင်း ပါလို့ ပြောတယ်၊ မိဖုရားကလဲ ကောင်းပြီ၊ အခုမယူရသေးပါ၊ နောင်မှ ယူမယ်လို့ပြန်လျှောက်တယ်၊ အဲဒီ ဒီပရာဇာမင်း သားက ခုနစ်နှစ်၊ ရှစ်နှစ်အရွယ်မှာ ကြက်တိုက်တမ်း ကစား သတဲ့၊ မင်းသားဖြစ်ပြီး မကစားသင့်တဲ့ အရာကို ကစား

တော့ ကြက်က နောက်ပြန်ဆုတ်ရင်း မင်းသားရဲ့ မျက်စိကို ခွပ်လိုက်တာ မျက်စိပျက်ရော၊ ဒီလိုနဲ့ မင်းသားတစ်ဆယ့်ခြောက်နှစ်သားအရွယ်ရောက်လာတော့ မယ်တော်မိဖုရားက မင်းကြီးဆီကပ်ပြီး "အရှင်မင်းကြီး သားဖွားစဉ်ကာလက လိုရာဆုကို တောင်းပါလို့ အမိန့်ရှိထားပါတယ်၊ ယခု ထိုဆုကို တောင်းလိုပါတယ်"ပေါ့၊ မင်းကြီးကလဲ 'မိဖုရား မြတ်ဆုယူလော့' ဆိုတော့ မိဖုရားက 'အရှင်မင်းကြီး အကျွန်ုပ်သားအား မင်းအဖြစ်ကို ပေးတော်မူပါလော့'လို့ တောင်းတယ်၊ ဒီတော့ မင်းကြီးက ဘာပြန်ပြောသလဲ ဆိုတော့ 'မိဖုရား-သင့်သားဟာ စက္ခုမစုံ၊ အင်္ဂါမြို့တဲ့ သူဖြစ်တယ်၊ တိုင်းပြည်နဲ့မတန်ဘူး၊ ဒါကြောင့် မင်းအဖြစ်ကို မပေးလို'လို့ပြန်မိန့်လိုက်ပါတယ်၊ မိဖုရားကလဲ မလျော့ဘူး၊ ထပ်တလဲလဲ တောင်းနေတော့ နောက်ဆုံး မင်းကြီးလဲ နှုတ်ဂတိကလဲ ရှိထားဖူးတော့ 'သင့်သားကန်းအား ဒီအလုံးစုံသော သီဟိုဠ်ကျွန်းကိုတော့ မပေးနိုင်၊ အခြံအရံဖြစ်တဲ့ နာဂဒီပ ကျွန်းငယ်၌သာ မင်းပြုလေ'လို့ ကျွန်းငယ်တစ်ခုကို ပေးလိုက်တယ်၊ ဒီဝတ္ထုကိုကြည့်၊ တကယ်လို့သာ ဒီပရာဇာ မင်းသားဟာ ဥပမိသမ္ပတ္တိနဲ့ ပြည့်စုံခဲ့ရင် ယူဇနာသုံးရာလောက်ရှိတဲ့ သီဟိုဠ်တစ်ကျွန်းလုံးကို မင်းအဖြစ်နဲ့ အုပ်စိုးရမှာ၊ ခုတော့ ဥပဓိဝိပတ္တိဖြစ်နေတော့ ကုသိုလ်ကံက အကျိုးပေးခွင့် မသာတော့ဘူး။

ကာလဝိပတ္တိ ဆိုတာက-မြတ်စွာဘုရားရှင်နဲ့

ဝေးနေတဲ့ကာလ၊ ဆုတ်ကပ်ကာလ၊ မကောင်းတဲ့မင်းတွေ အုပ်စိုးနေတဲ့ ကာလကို ခေါ်တာပါ၊ အဲဒီကာလတွေမှာ ဒါန, သီလ, ဘာဝနာ, သမာဓိ, ပညာဆိုတဲ့ ကုသိုလ်တရား တွေကို ပြုခွင့်မရ၊ စားဝတ်နေရေးတွေကျပ်တည်း၊ ပြည်တွင်း စစ်တွေဖြစ်၊ ဥပမာ-အာဖဂန်နစ္စတန်တို့ ပါလက်စတိုင်းတို့ လို နိုင်ငံမျိုးပေါ့၊ အမြဲတမ်း စစ်တွေဖြစ်နေတော့ ပညာ သင်ကြားခွင့်မရ၊ စီးပွားရေးလုပ်ခွင့်မရ၊ တစ်သက်လုံး ဒုက္ခ သည်စခန်းမှာပဲ ရွက်ဖျင်တဲတွေထိုးပြီး နေကြရတာ၊ အဲဒီ ကာလဆိုးတွေနဲ့ ကြုံနေရင်လဲ ကုသိုလ်ကံက အကျိုးပေးခွင့် မရပြန်ဘူး။

ပယောဂဝိပတ္တိဆိုတာက-သတိမရှိ၊ ဝီရိယမရှိ၊ ဉာဏ်မရှိတာကို ပြောတာပါ၊ သတိ, ဝီရိယ, ဉာဏ်ကင်းတဲ့ သူဟာ ပညာပဲသင်သင်၊ စီးပွားရေးပဲ လုပ်လုပ်၊ အောင် မြင်မှုလမ်းကြောင်းနဲ့ ဝေးတတ်ပါတယ်၊ ဒါပြောသာပြောရ တယ်၊ သတိ, ဝီရိယ, ဉာဏ်ကင်းပြီဆိုရင် ပညာလဲ ကောင်းကောင်း သင်မှာမဟုတ်တော့သလို စီးပွားရေးလဲ ကောင်းကောင်းလုပ်တော့မှာ မဟုတ်ပါဘူး၊ ငွေလွယ်လွယ် ရတဲ့ အကုသိုလ်နဲ့ မကင်းတဲ့အလုပ်တွေပဲ လုပ်တော့မှာ၊ ဒီတော့ ကုသိုလ်ကံက ဘယ်လိုလုပ်လာပြီး အကျိုးပေး တော့မလဲ။

အထက်ကပြောခဲ့တဲ့ စကားတွေကို ပြန်အနှစ်ချုပ် လိုက်ရင် သမ္ပတ္တိလေးပါးနဲ့ ပြည့်စုံနေမယ်ဆိုရင် အကုသိုလ်

ပြုခဲ့ရင်တောင် အကုသိုလ်အကျိုးပေးခွင့် မသာဘဲ ကုသိုလ်ကံကချည်း အကျိုးပေးနေပါလိမ့်မယ်၊ ဝိပတ္တိလေးပါးနဲ့ ကြုံနေမယ်ဆိုရင်လဲ ကုသိုလ်ကံ အကျိုးပေးခွင့်မသာဘဲ အကုသိုလ်ကံကချည်း အကျိုးပေးနေပါလိမ့်မယ်။

ဒီနေရာမှာ အဓိက ပြောချင်တာကတော့ ပယောဂသမ္ပတ္တိပါ၊ လူတစ်ယောက်အတွက် ဂတိသမ္ပတ္တိ၊ ဥပဓိသမ္ပတ္တိ၊ ကာလသမ္ပတ္တိဆိုတဲ့ တရားသုံးပါးက ပြုပြင်ယူလို့ ခက်ခဲပေမယ့် ပယောဂသမ္ပတ္တိကတော့ ပြုပြင်ယူလို့ရပါတယ်၊ ဒါကို ကိုယ်က သိထားဖို့ပါပဲ၊ အတိတ်ပယောဂသမ္ပတ္တိကတော့ ပြုပြင်ယူလို့မရတော့ ထားလိုက်ပါတော့၊ ပြုပြင်ယူလို့ရတဲ့ ပစ္စုပ္ပန်ပယောဂ သမ္ပတ္တိကို ပြုပြင်သွားဖို့ပါပဲ၊ ဥပမာ ကိုယ်က ရုပ်မလှခဲ့ရင် "အော်. . . ငါဟာ အတိတ်ဘဝက စိတ်ထားညံ့ခဲ့လို့ ဒီဘဝမှာ ရုပ်မလှတာ၊ ဒီဘဝမှာစိတ်ထားလှအောင်နေမယ်၊ ရုပ်လှရာ လှကြောင်း ကုသိုလ်တွေကို ပြုမယ်"ဆိုပြီး သတိယှဉ်တာ၊ စိတ်ချမ်းသာအောင်နေတာ၊ ဥတုနဲ့သင့်လျော်တဲ့ အစာအာဟာရကို စားတာ၊ အချိန်မှန်အိပ်ပြီး၊ အချိန်မှန်စားတာ၊ ပညာကို ဝီရိယရှိရှိ ကြိုးကြိုးစားစားနဲ့ သင်ယူတာ အခွင့်သင့်တိုင်း စွမ်းနိုင်တဲ့ ကုသိုလ်တွေကို စေတနာပါပါနဲ့ ပြုတာ နိုးနိုးကြားကြားနဲ့သတိရှိရှိနေတာ စသည်ဖြင့်ပေါ့၊ ဒါတွေဟာ ပစ္စုပ္ပန်ပယောဂသမ္ပတ္တိကို ကောင်းအောင် ပြုပြင်ယူတာပါပဲ။

ကျန်တာတွေတော့ ထားလိုက်ပါတော့လေ၊ ပြုပြင်

ခွင့်ရှိတဲ့ ပစ္စုပ္ပန်ပယောဂသမ္ဘတ္တိကိုတော့ ပြုပြင်တည်ဆောက် တတ်ဖို့ပါပဲလေ။ ဒါဆိုရင် ရသင့်ရထိုက်တဲ့ အကျိုးကတော့ အခွင့်သင့်လာပါလိမ့်မယ်။